ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန(ရုံးချုပ်)
(နေပြည်တော်)

# လျှောက်လွှာခေါ်ယူခြင်း

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ၊ ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ပါရာထူးနေရာများအတွက် ယှဉ်တွဲဖော်ပြပါ သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

| စဉ် | ခန့်ထားမည့် ရာထူး | လစာနှုန်းထား | ပညာအရည်အချင်း | လစ်လပ် နေရာ |
|---|---|---|---|---|
| | | | | ကျား/မ |
| (က) | ဒုတိယဦးစီးမှူး | ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | L.L.B | (၃)နေရာ |
| | | | B.A(English) | (၂)နေရာ |
| | | | | ကျား/မ |
| (ခ) | စက်မှုစီမံရေး(၂) | ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | B.E(Civil) | (၃)နေရာ |
| | | | B.E (Electrical Power)/ (Mechatronics) | (၂)နေရာ |
| | | | | ကျား/မ |
| (ဂ) | စစ်ဆေးရေးမှူး(၂) | ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | B.E(Mechanical) | (၃)နေရာ |
| | | | B.E(Petroleum) | (၂)နေရာ |
| | | | | ကျား/မ |
| (ဃ) | ဓာတ်ခွဲကျွမ်းကျင်(၂) | ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | B.E(Chemical) | (၂)နေရာ |
| | | | M.Sc/B.Sc(Industrial Chemistry/Chemistry) | (၃)နေရာ |
| | | | | ကျား/မ |
| (င) | ကွန်ပျူတာ လုပ်ဆောင်ရေးမှူး | ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | B.C.Sc | (၅)နေရာ |
| | | | | ကျား/မ |
| (စ) | စက်မှုစီမံရေး(၄)/ စစ်ဆေးရေးမှူး(၄) | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | B.Tech/A.G.T.I(Civil)/ A.G.T.I(EP)/A.G.T.I(EC)/ A.G.T.I(MP)/A.G.T.I(MT)/ A.G.T.I (Mechatronics) | (၁၀)နေရာ |

| စဉ် | ခန့်ထားမည့် ရာထူး | လစာနှုန်းထား | ပညာအရည်အချင်း | လစ်လပ် နေရာ |
|---|---|---|---|---|
| (ဆ) | ဒုတိယလက်ထောက် ကွန်ပျူတာလုပ်ဆောင်ရေးမှူး | ၁၈၀၀၀၀-၂၀၀၀၀-၁၉၀၀၀၀ | ဘွဲ့တစ်ခုခု + ကွန်ပျူတာ ကျွမ်းကျင် | ကျား/မ (၅)နေရာ |
| (ဇ) | ဓာတ်ခွဲကျွမ်းကျင်(၄) | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | B.Sc(Industrial Chemistry/Chemistry) | ကျား/မ (၇)နေရာ |
| (ဈ) | အငယ်တန်းစာရေး | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | ဘွဲ့တစ်ခုခုရရှိရမည်။ | ကျား/မ (၃)နေရာ |
| (ည) | ယာဉ်မောင်း(၅) | ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀ | အနည်းဆုံးပညာအရည်အချင်း အခြေခံပညာ အလယ်တန်း အောင်မြင်ရမည်။ယာဉ်မောင်း လိုင်စင်(ခ)ရှိရမည်။ | ကျား (၂၀)နေရာ |
| (ဋ) | လုပ်သား | ၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀ | အနည်းဆုံးပညာအရည်အချင်း အခြေခံပညာထက်တန်း အောင်မြင်ရမည်။ | ကျား/မ (၁၅)နေရာ |

၂။ လစ်လပ်ရာထူးနေရာများအတွက် အောက်ပါအချက်အလက်များနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

( ခ ) လျှောက်ထားသူများသည် **၁-၁၁-၂၀၂၂** ရက်နေ့တွင် အသက်(၃၀)နှစ်ထက် မကျော်လွန်သူ ၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက်(၃၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

( ဂ ) လျှောက်ထားသူသည် ယာဉ်မောင်းနှင့် လုပ်သားရာထူးဖြစ်ပါက **၁-၁၁-၂၀၂၂** ရက်နေ့တွင် အသက်(၄၀)နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။

(ဃ) ကျန်းမာရေးကောင်းမွန်ပြီး ကိုယ်လက်အင်္ဂါပြည့်စုံသန်စွမ်းသူဖြစ်ရမည်။

( င ) အမှတ်စဉ်(က)၊(ခ)၊(ဂ)၊(ဃ)၊(စ)၊(ဇ)နှင့်(ဈ)ရာထူး တို့အတွက် ကွန်ပျူတာ ကျွမ်းကျင်သူ ဖြစ်ရမည်။

၃။ လျှောက်လွှာနှင့် ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးဆေးရေးဦးစီးဌာနမှ သတ်မှတ်ထားသော အချက်များပါဝင်သည့် ကတိဝန်ခံချက်များကို ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးဆေးရေးဦးစီးဌာန၊ ရုံးအမှတ်( ၆ )၊ နေပြည်တော်နှင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ **Website .www.moee.gov.mm ၊ Facebook Page (@ MOEEmyanmar)** ၊ ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၏ **Facebook Page (@ info.pprd)** တို့တွင် **Downloads** ရယူနိုင်ပြီး အောက်ပါအထောက်အထားများ **ပူးတွဲ**လျက် ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ ရုံးချုပ်နှင့်သက်ဆိုင်ရာတိုင်း ဒေသကြီး/ ပြည်နယ်ကြီးကြပ်စစ်ဆေးရေးအရာရှိရုံးများသို့ **၄-၁၁-၂၀၂၂** ရက်နေ့အရောက် ပေးပို့လျှောက်ထားရမည် -

(က) ဘွဲ့လက်မှတ်မိတ္တူ။(စာမေးပွဲဖြေဆိုသည့်အခါ ဘွဲ့လက်မှတ်မူရင်းတင်ပြရန်။)

( ခ ) အသက်အထောက်အထားအတွက် အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ။ (ဖြေဆိုခွင့်ကတ်ပြားထုတ်ယူချိန်တွင် မူရင်းတင်ပြနိုင်ရမည်။)

( ဂ ) လျှောက်လွှာပိတ်ရက်မတိုင်မီ( ၃ )လအတွင်း အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၏ထောက်ခံချက်နှင့် ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရဲစခန်း၏ ထောက်ခံချက်မူရင်း။

(ဃ) လျှောက်လွှာပိတ်ရက်မတိုင်မီ(၁)လအတွင်း ရိုက်ကူးထားသော ရောင်စုံလိုင်စင် ဓာတ်ပုံ(၃)ပုံ။ ( နောက်ကျောတွင် အမည်နှင့်နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် အသားဖော်ပြရန်။ )

( င ) ဝန်ထမ်းမဟုတ်သူများအတွက် သက်တမ်းရှိသော အလုပ်သမားမှတ်ပုံတင်ကတ်ပြား မိတ္တူ။(ဖြေဆိုခွင့်ကတ်ပြား ထုတ်ယူချိန်တွင် မူရင်းတင်ပြနိုင်ရမည်။)

( စ ) နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်မူရင်း။

၄။ သတ်မှတ်ထားသည့်စာရွက်စာတမ်း မပြည့်စုံလျှင်သော်လည်းကောင်း၊ သတ်မှတ်ထားသော ရက်ထက် နောက်ကျရောက်ရှိလျှင်သော်လည်းကောင်း လျှောက်လွှာများကို လက်ခံစဉ်းစားမည် မဟုတ်ပါ။

၅။ အမှတ်စဉ်(က)မှ(ဈ)အထိ ရာထူးများသို့ လျှောက်ထားသူများအနေဖြင့် **၁၁-၁၁-၂၀၂၂** ရက်နေ့ **နံနက် ၉ နာရီတွင်** အင်္ဂလိပ်စာဘာသာရပ်ကိုလည်းကောင်း၊ **မွန်းလွဲ ၁ နာရီတွင်** အထွေထွေဗဟုသုတ ဘာသာရပ်ကိုလည်းကောင်း နေပြည်တော် ၊ ရုံးချုပ်နှင့် သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး ကြီးကြပ်စစ်ဆေးရေးအရာရှိရုံးများ၌ ဖြေဆိုရမည်ဖြစ်ပြီး ရေးဖြေစာမေးပွဲ အောင်မြင်သူများကို လူတွေ့စစ်ဆေးရွေးချယ်ခန့်အပ်သွားမည်ဖြစ်ပါသည်။

၆။ ဖြေဆိုခွင့်ရရှိသူ အမည်စာရင်းအား အထက်ပါ **Website >>** ၊ **Facebook Page>>** တို့တွင် ကြိုတင်ကြေညာပေးသွားမည်ဖြစ်ပြီး ဖြေဆိုခွင့်ကတ်ပြားများကို **၁၀-၁၁-၂၀၂၂** ရက်( ဗုဒ္ဓဟူးနေ့ )၌ ရုံးအမှတ်(၆) ၊ နေပြည်တော်နှင့်ဖြေဆိုမည့် သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး ကြီးကြပ်စစ်ဆေးရေးအရာရှိရုံးများတွင် ရုံးချိန်အတွင်း ထုတ်ပေးမည်ဖြစ်ပါသဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့်အတူ ကာယကံရှင်ကိုယ်တိုင် လာရောက်ထုတ်ယူရမည်ဖြစ်ပါသည်။

၇။ လက်ရှိ COVID-19 ကန့်သတ်ချက်များအရ ရေးဖြေစာမေးပွဲအား ပြည်ထောင်စုနယ်မြေ ၊ နေပြည်တော်တွင် နေပြည်တော်ဗဟိုသင်တန်းကျောင်း နှင့် ပြည်နယ်/ တိုင်းဒေသကြီး ကြီးကြပ်စစ်ဆေးရေးအရာရှိရုံးများ( ကယားပြည်နယ်နှင့် ချင်းပြည်နယ်တို့မှအပ )တို့တွင် ကျင်းပပြုလုပ်သွားမည် ဖြစ်ပါသဖြင့် ရေးဖြေ ဖြေဆိုလိုသည့်နေရာအား တိကျစွာထည့်သွင်းဖော်ပြ လျှောက်ထားရမည်။

၈။ လုပ်သားရာထူးသို့ လျှောက်ထားသူများအား လူတွေ့စစ်ဆေးခြင်းကို ပြည်ထောင်စုနယ်မြေ ၊ နေပြည်တော်နှင့် ပြည်နယ်/တိုင်းဒေသကြီး ကြီးကြပ်စစ်ဆေးရေးအရာရှိရုံးများတွင် လည်းကောင်း၊ ယာဉ်မောင်း(၅)ရာထူး လျှောက်ထားသူများအား လက်တွေ့နှင့်လူတွေ့စစ်ဆေးခြင်းကို ပြည်ထောင်စုနယ်မြေ ၊နေပြည်တော် / ရန်ကုန်တိုင်းဒေသကြီး/ မန္တလေးတိုင်းဒေသကြီးတို့တွင် လည်းကောင်း ပြုလုပ်သွားမည်ဖြစ်ပြီး ၊ ပြုလုပ်သွားမည့်အစီအစဉ်ကို ထပ်မံအကြောင်းကြားမည်ဖြစ်ပါသည်။

၉။ အသေးစိတ်သိရှိလိုပါက ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန ၊ ဖုန်းနံပါတ် ၀၆၇-၃၄၁၁၄၈၅ / ၃၄၁၁၂၈၅ / ၃၄၁၁၄၉၀ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပြီး ရေးဖြေစာမေးပွဲအောင်မြင်သူများ၏ အမည်စာရင်းအား အထက်ပါ **Website** နှင့် **Facebook Page** များတွင် ထုတ်ပြန်ကြေညာသွားပါမည်။

# ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာနမှ ခေါ်ယူသောရာထူးများအတွက်
# လျှောက်လွှာပုံစံ

ညွှန်ကြားရေးမှူးချုပ်
ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန
ရုံးအမှတ်(၆)
နေပြည်တော်

| ဓာတ်ပုံ |
|---|

ရက်စွဲ၊ ၂၀၂၁ ခုနှစ်၊ လ ရက်

၁။ လျှောက်ထားသည့်ရာထူး
(က) ရာထူးအမည် ----------------------------------------
( ခ ) ကြော်ငြာစာအမှတ် ----------------------------------------

၂။ လျှောက်ထားသူ
(က) အမည် ----------------------------------------
( ခ ) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ----------------------------------------
( ဂ ) မွေးသက္ကရာဇ် (ရက်/ လ/ နှစ်) ----------------------------------------
(ခရစ်သက္ကရာဇ်ဖြင့်ဖော်ပြရန်)
(ဃ) လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ ----------------------------------------
( င ) ပညာအရည်အချင်း(ဘွဲ့/ ဒီပလိုမာ)----------------------------------------
( စ ) နေရပ်လိပ်စာ ----------------------------------------
----------------------------------------
(ဆ) ရေးဖြေ ဖြေဆိုလိုသည့် ပြည်နယ်/တိုင်းဒေသကြီး ----------------------------------------
( ဇ ) လက်ရှိအလုပ်အကိုင်(နိုင်ငံ့ဝန်ထမ်းများအတွက်) ----------------------------------------
ရာထူး ၊ ဌာန ၊ လစာနှုန်း ----------------------------------------

၃။ (က) ဖခင်အမည် ----------------------------------------
နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ----------------------------------------
အလုပ်အကိုင် ----------------------------------------
( ခ ) အမိအမည် ----------------------------------------
နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ----------------------------------------
အလုပ်အကိုင် ----------------------------------------
( ဂ ) အိမ်ထောင်ရှိလျှင် ----------------------------------------
ဇနီး/ခင်ပွန်းအမည် ----------------------------------------
နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ----------------------------------------
အလုပ်အကိုင် ----------------------------------------

အထက်ဖော်ပြပါ အချက်အလက်များ မှန်ကန်ကြောင်းနှင့် အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း ကိုယ်တိုင် ဝန်ခံကတိပြုပါသည်။

လက်မှတ် --------------------
အမည် --------------------

## ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန

## ------------------------ ရာထူးအတွက်

## ကတိဝန်ခံချက်

၁။ ကျွန်တော်/ကျွန်မအား ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာနတွင် ------------------------ -----------လစာနှုန်းအဆင့်ရှိ------------------------ ရာထူး ခန့်အပ်ခြင်းခံရပါက အောက်ပါ အချက်များသိရှိ လိုက်နာသွားမည်ဖြစ်ကြောင်း ကတိဝန်ခံချက်ပြုလုပ်ပါသည်-

(က) ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း မည်သည့်နေရာဒေသတွင်မဆို တာဝန် ထမ်းဆောင်နိုင်ပါကြောင်း ကတိပြုပါသည်။

( ခ ) ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာနတွင် ကျင့်သုံးလျက်ရှိသည့် ဝန်ထမ်း စည်းမျဉ်းများနှင့်အလုပ်ခွင်စည်းမျဉ်းများကို တိကျစွာလိုက်နာမည်ဖြစ်ပြီး ကျေပွန်စွာ ထမ်းဆောင်မည်ဖြစ်ကြောင်း ကတိပြုပါသည်။

( ဂ ) ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာနမှ စေလွှတ်မည့် ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်/အောက်မြန်မာပြည်)တို့မှ ဖွင့်လှစ်သောသင်တန်းများသို့ အစအဆုံး မပျက်မကွက်တက်ရောက်မည်ဟု ကတိပြုပါသည်။

(ဃ) ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာနမှ ပေးအပ်သည့် တာဝန်ဝတ္တရားများကို ကျွန်တော်/ကျွန်မ ကိုယ်ရေးကိုယ်တာများထက် ဦးစားပေးရမည်ဟု သဘောပေါက် နားလည်သည့်အလျောက် ကိုယ်ရေးကိုယ်တာများကြောင့် ဌာနတွင်းတွင်လည်းကောင်း၊ အခြားလုပ်ငန်းဌာနတစ်ခုခုသို့လည်းကောင်း ပြောင်းရွှေ့ပေးရန် တောင်းဆိုမည် မဟုတ်ကြောင်း ကတိပြုပါသည်။

(င) ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာနတွင် ------------------------ရာထူး အဖြစ် စတင်ခန့်အပ်သည့်နေ့မှစ၍ လုပ်ငန်းခွင်၌ အနည်းဆုံး(၃)နှစ် အမှုထမ်းဆောင် ပါမည်ဟု ကတိပြုပါသည်။

(စ) သတ်မှတ်ကာလ(၃)နှစ်မပြည့်မီ မိမိဆန္ဒအလျောက် အလုပ်မှနုတ်ထွက်ခြင်း၊ လုပ်ငန်းခွင်သို့ လာရောက်ခြင်းမပြုဘဲ ခွင့်မဲ့(၁၄)ရက်ဖြင့် အလုပ်မှထုတ်ပယ်ခံယူခြင်း မပြုလုပ်ပါကြောင်း ကတိပြုပါသည်။

(ဆ) မည်သည့်အကြောင်းကြောင့်ဖြစ်စေ အထက်ဖော်ပြပါ ကတိဝန်ခံချက်များကို လိုက်နာခြင်းမပြုဘဲ လုပ်ငန်းခွင်၌ စတင်ခန့်အပ်သည့်နေ့မှစ၍ အနည်းဆုံး(၃)နှစ် တာဝန်ထမ်းဆောင်ရန်ပျက်ကွက်က လျော်ကြေးငွေ ၅၀၀,၀၀၀/-(ကျပ်ငါးသိန်းတိတိ) အား ပေးလျော်မည်ဖြစ်ကြောင်း ကတိပြုပါသည်။

(ဇ) နေထိုင်ရန် ဝန်ထမ်းအိမ်ရာရရှိမည်မဟုတ်ကြောင်း သိရှိပါကြောင်း ကတိပြုပါသည်။

၂။ အထက်ပါ အပိုဒ်ခွဲ(င)နှင့်(စ)ပါ အချက်များကို လိုက်နာရန်ပျက်ကွက်ပါက ရာထူးမှထုတ်ပယ် (Removal)ခံရသည်အထိ အရေးယူခြင်းကို ခံယူမည့်အပြင် ပေးလျော်ရန်ရှိသည့် လျော်ကြေးငွေများ ကိုလည်း ပေးလျော်ပါမည်။

၃။ အကယ်၍ ပေးလျော်ရန်ရှိသည့် လျော်ကြေးငွေကို ပေးလျော်ရန် ပျက်ကွက်ပါက သက်ဆိုင်ရာ တရားဥပဒေအရလည်း တရားစွဲဆိုခြင်းကို ခံယူပါမည်။

၄။ အထက်ဖော်ပြပါစည်းမျဉ်းများကို ရှင်းလင်းစွာ ဖတ်ရှုစဉ်းစားပြီးမှသာ ကတိပြုခြင်းဖြစ်ပါကြောင်း နှင့် လိုက်နာရန်ပျက်ကွက်ပါက ဖော်ပြပါစည်းမျဉ်းများအတိုင်း အရေးယူဆောင်ရွက်မှုကို ခံယူမည် ဖြစ်ကြောင်း လက်မှတ်ရေးထိုးပါသည်။

လက်မှတ် ။ -----------------------------

အမည် ။ -----------------------------

နိုင်ငံသားစိစစ်ရေး ။ ------------------------------

ကတ်ပြားအမှတ် -----------------------------

နေရပ်လိပ်စာ ။ -----------------------------

.

**ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန**

**လုပ်သား/ယာဉ်မောင်း(၅) ရာထူးအတွက်**

**ကတိဝန်ခံချက်**

**ရက်စွဲ၊**

၁။ အဘ--------------------၊ အမိ --------------------၏ သား/သမီး ကျွန်တော်/ကျွန်မ --------------------- နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ -------------------------သည် ဤဦးစီးဌာနတွင် အလုပ်ခန့်ထားခြင်းခံရပါက လုပ်သက်(၃)နှစ် တစ်ဆက်တည်း တာဝန်ထမ်းဆောင်ပါမည်။ လုပ်သက်တစ်ဆက်တည်း(၃)နှစ် မပြည့်မီကာလအတွင်း မည်သည့်အကြောင်းပြချက်နှင့်မှ အလုပ်မှနုတ်ထွက်ခွင့်ကို တောင်းခံမည်မဟုတ်ပါကြောင်း ဝန်ခံကတိလက်မှတ်ရေးထိုးပါသည်။

၂။ သတ်မှတ်ကာလဖြစ်သည့် ( ၃ )နှစ်အတွင်း အလုပ်မှနုတ်ထွက်ခွင့် တောင်းခံလာပါက နုတ်ထွက်ခွင့်အစား ရာထူးမှထုတ်ပယ်(Removal)ခြင်း ခံရမည်ဟု သိရှိပါသည်။

၃။ နေထိုင်ရန် ဝန်ထမ်းအိမ်ရာရရှိမည် မဟုတ်ကြောင်းကို သိရှိပါကြောင်း ကတိပြုပါသည်။

လက်မှတ် ၊ -----------------------------------

အမည် ၊ -----------------------------------

နိုင်ငံသားစိစစ်ရေး ၊ ------------------------------------

ကတ်ပြားအမှတ် ------------------------------------

နေရပ်လိပ်စာ ၊ ------------------------------------